# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၁ ရက်အထိ)

**သေဆုံးခဲ့သူ အရေအတွက်**

# ၇၂+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသူ ပြည်သူအရေအတွက် ၇၂ ဦးထက်မနည်း ရှိခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က မတ် ၁၁ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၆၉ ဦး ရှိပါသည်။ ယခု ကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြားရှိနိုင်ပါသည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အတွင်း သေဆုံးခဲ့ရသူ ၅၀ ကျော် (**အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၂ ကိုရှု**) မှ ယခု ၇၀ ကျော် ဖြစ်လာသည့်အတွက် တပတ်အတွင်း သေဆုံးသူ ၂၀ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇)


### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၁ ရက်အထိ)

**သေဆုံးခဲ့ရသော အသက်အုပ်စု**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့် လည်းကောင်း ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူ ၇၀ ကျော်အနက် အသက် အတိအကျသိရှိရသူ ၆၇ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ သေဆုံးခဲ့ရသူအများစုသည် အသက် ၁၄ နှစ်မှ ၂၀ နှစ်အကြား ဆယ်ကျော်သက်များဖြစ်ကြပြီး အသက် ၃၁ နှစ်မှ ၄၀ နှစ်အကြား အသက်အုပ်စုမှာ ဒုတိယ အများဆုံး ဖြစ်ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အတွင်း သေဆုံးခဲ့ရသူများအနက် အသက် ၁၄ နှစ်မှ ၂၀ ကြား ၂၀ ဦး၊ အသက် ၂၁ နှစ်မှ ၃၀ ကြား ၁၀ ဦး၊ အသက် ၃၁ နှစ်မှ ၄၀ ကြား ခုနစ်ဦး၊ အသက် ၄၁ နှစ်မှ ၅၀ ကြား နှစ်ဦး၊ အသက် ၅၁ နှစ်မှ ၆၀ ကြား တဦးသာ (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂ ကိုရှု**) ရှိခဲ့ရာမှ တပတ်အတွင်း သေဆုံးရသူအရေအတွက် ပိုများလာသည့်အထဲတွင် အသက် ၁၄ နှစ်မှ ၂၀ ကြား ရှစ်ဦး တိုးလာပြီး အသက် ၃၁ နှစ်မှ ၄၀ အကြား သေဆုံးရမှုမှာ ယခင်တပတ်ထက် နှစ်ဆကျော် ပိုများလာခဲ့သည်။




ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၁ ရက်အထိ)

**ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်**

# ၂၂+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူအရေအတွက် ၇၀ ကျော် အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၂၂ ဦးထက်မနည်း ရှိခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အတွင်း သေဆုံးခဲ့ရသူ ၅၀ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၀ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂ ကိုရှု)** ရှိခဲ့ရာမှ ယခု ၂၂ ဦးကျော် ဖြစ်လာခဲ့သည်။ ထို့ကြောင့် သေဆုံးခဲ့ရသူများ အနက် ၃၀ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ရသူများ ဖြစ်ခဲ့သည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၁ ရက်အထိ)

**သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**



၆၆+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူအရေအတွက် ၇၀ ကျော် အနက် ၆၆ ဦးမှာ အမျိုးသားများဖြစ်ပြီး ခြောက်ဦးသည် အမျိုးသမီးများဖြစ်ပါသည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အတွင်း သေဆုံးခဲ့ရသူ ၅၀ ကျော်အနက် အမျိုးသား ၄၂ ဦး (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂ ကိုရှု**) ရှိခဲ့သဖြင့် တပတ်အတွင်း ၂၄ ဦး တိုးလာခဲ့ခြင်းဖြစ်သည်။



၆+

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇)


### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၁ ရက်အထိ)

**သေဆုံးခဲ့ရသော ဒေသများ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ် ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူ ၇၂ ဦးအနက် မည်သည့်ဒေသများ၌ အများဆုံးသေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယခုစာရင်းတွင် မပါဝင်ဘဲ ကျန်ရှိမှုများ ရှိနိုင်ပါသည်။ လက်ရှိအချိန်အထိ အတည်ပြုနိုင်သော စာရင်းများအရ ရန်ကုန်နှင့် မန္တလေးတွင် သေဆုံးသူ အများဆုံးဖြစ်နေပြီး စစ်ကိုင်းနှင့်မကွေးတို့က တတိယ အများဆုံး ဖြစ်နေသည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အတွင်း သေဆုံးခဲ့ရသူများသည် ရန်ကုန်နှင့် မန္တလေးတွင် အများဆုံးဖြစ်ခဲ့ပြီး **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂ ကိုရှု)** တပတ်အတွင်း ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတွင် သေဆုံးသူပိုများလာပြီး မကွေးတိုင်း အတွင်း သေဆုံးရသူ အရေအတွက်မှာ တပတ်အတွင်း ရှစ်ဦးတိုးလာခြင်းဖြစ်သည်။




ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။